Karenni Nationalities Defence Force

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

ဧပြီလ ဒုတိယအပတ် တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့။

ဧပြီလဒုတိယအပတ်အတွင်း လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ဘောလခဲမြို့နယ်တို့တွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ အရှိန်မြင့်ထိုးစစ်ဆင်မှုကြောင့် တိုက်ပွဲများပြင်းထန်ခဲ့ပါသည်။ ထိုထိုးစစ်ဆင်မှုအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များသည် အရပ်သားပြည်သူများကိုသတ်ဖြတ်ခြင်း၊ နေအိမ်များမီးရှို့ဖျက်စီးခြင်းနှင့် လက်နက်ကြီးများဖြင့် ကျေးရွာများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်း မြေမြှုပ်မိုင်းများ ထောင်ခြင်းများပြုလုပ်ခဲ့ပါသည်။ ဧပြီလ (၁၂) ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ ဒီးမော့ဆိုမြို့နယ် အတွင်း လေကြောင်းတိုက်ခိုက်မှုပေါင်း (၁၀) ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပါသည်။

ဧပြီလဒုတိယအပတ်၊ ဒီးမော့ဆိုမြို့နယ်အတွင်း လီဝိုး၊ ဆင်တောင်၊ ဒေါကမီး၊ ပူဖား၊နောင်ပုလဲ၊ ဥခူးရီး၊ငွေတောင်နှင့် ထူလွီးဘီလာ၊ ကျေးရွာတို့တွင် ထိုးစစ်ဆင်တပ်စွဲထားသော၊ အကြမ်းဖက် စစ်ကောင်စီ၏ မြေပြင်တပ်များကို ကရင်နီပူးပေါင်းတပ်များမှ တိုက်ခိုက်သဖြင့် တိုက်ပွဲများပြင်း ထန်လျက်ရှိပါသည်။

ထို့အပြင် ဖရူဆိုမြို့နယ်၊ဒေါ်ညေးခူ၊ကန်နီနှင့် ထားလဲကျေးရွာတို့တွင် စစ်ကြောင်းထိုးလာကာ အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်များထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထို့အတူ ဘောလခဲမြို့နယ်၊ နန်းဖဲကျေးရွာ အနီးကျို့ပင်ကုန်းနှင့် မက်စလောင်းတောင်တို့တွင်တိုက်ပွဲများဖြင့်ပွားခဲ့ပါသည်။ ထို့အပြင် လွိုင်ကော်မြို့၊ထေးတမနှင့် ချိုကယ်ရပ်ကွက်တို့တွင်လည်း ဧပြီလ (၁၄) ရက်နေ့မှစ၍ တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ တင့်ကားများ အသုံးပြုတိုက်ခိုက်လျက်ရှိပါသည်။

ဧပြီလဒုတိယပတ်တွင် မြို့နယ်အသီးသီးမှ တိုက်ခိုက်မှုများအတွင်း အကြမ်းဖက်စစ်ကာင်စီတပ်ဘက်မှ (၄၈) ဦးသေဆုံးခဲ့ပြီး ထိခိုက်မှုများပြားခဲ့ပါသည်။ ဖရူဆိုမြို့နယ်အတွင်း စစ်ကောင်စီ၏ရိက္ခာပို့ယာဥ်တန်း အားတိုက်ခိုက်မှုအတွင်း၊ စစ်သုံးယာဥ်(၁)စင်းနှင့် ထိုးစစ်ဆင်လမ်းကြောင်းဖောက်ရန်အတွက် အသုံးပြုသော မြေတူးစက်(၁)တစ်စင်း မီးလောင်ပျက်စီးခဲ့ပါသည်။ တိုက်ပွဲများကရင်နီပူးပေါင်းတပ်ဖွဲ့ဘက်မှ လက်နက် ခဲယမ်းအချို့ကိုသိမ်းဆည်း ရမည့်ခဲ့ပါသည်။

မိမိတို့ ကရင်နီပူးပေါင်းတပ်ဘက်မှလည်း ရဲဘော် (၁၀) ဦးကျဆုံးခဲ့ရပြီး ထိခိုက်မှုများရှိခဲ့ပါသည်။ အာဏာရှင်စနစ်တော်လှန်ရေးတိုက်ပွဲများအတွင်း ဂုဏ်ရောင်ပြောင်မြောက်စွာ ကျဆုံးခဲ့သော ရဲဘော်များအား KNDF မှ ကရင်နီအမျိုးသား အာဇာနည်သူရဲကောင်းများအဖြစ် သမိုင်းမှတ်တမ်းတင်လေးပြုပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၄၉၅၇၂၉၃၁၊ ၀၉၄၂၅၅၁၇၅၉၄၊ ၀၉၄၅၇၂၉၆၄၈၇။